# ဖမ်းဆီးခံထားရသည့် မြန်မာလုပ်သားများ မလေးအစိုးရ ပြန်လွှဲပေးရန် မသေချာသေး

သတင်းရင်းမြစ် > အေးမြင့်စန်း၊ ခင်မြတ်မြတ်ဝေ
သောကြာနေ့၊ စက်တင်ဘာလ ၁၃ ရက် ၂၀၁၃ ခုနှစ် ၁၀ နာရီ ၃၂ မိနစ်

ဖမ်းဆီးခံထားရသည့် မြန်မာအလုပ်သမားများကို ပြန်လွှတ်ပေးရန် မြန်မာအစိုးရက မလေးပြည်ထဲရေးဝန်ကြီးနှင့် တိုက်ရိုက်ဆွေးနွေးခဲ့သည်ဟု စက်တင်ဘာ ၁၂ ရက်တွင် အလုပ်သမား ပြည်ထောင်စုဝန်ကြီး ဦးအေးမြင့်က
ပြောသည်။

မလေးအစိုးရ မှ စီမံချက်ကာလအတွင်း ဖမ်းဆီးထိန်းသိမ်းထားသည့် တရားမဝင် အလုပ်သမားများထဲတွင် မြန်မာနိုင်ငံမှ တတိယ အများဆုံး ထိန်းသိမ်းခံထား ရနေရာ၌ရှိပြီး တရားမဝင် မြန်မာအလုပ်သမား ၆၀၀ ပါဝင်နေသည်။ အထိန်းသိမ်းခံထားရသည့် မြန်မာအလုပ်သမားများကို မလေးအစိုးထံမှ ပြန်လည်လွှဲပြောင်း ရယူနိုင်မည့် အဖြေကိုမူ ဝန်ကြီးက တိကျစွာဖြေကြားပေးခဲ့ခြင်းမရှိပေ။

"ဖမ်းဆီးထားတဲ့ တရားမဝင်တွေကို မလေးအစိုးရက ဥပဒေတွေအရ ဘယ်လို ချမှတ်မလဲဆိုတဲ့ ဆုံးဖြတ်ချက်ကို
စောင့်ပြီး ညှိနှိုင်းရဦးမယ်"" ဟု ဦးအေးမြင့်ကပြောသည်။

မလေးရှားအစိုးရမှ တရားမဝင် အလုပ် သမားဖမ်းဆီးခြင်းကို သုံးလသတ်မှတ်ထားပြီး မြန်မာအစိုးရအဖွဲ့နှင့် ညှိနှိုင်း
နေသည့် အချိန်တွင် ဖမ်းဆီးမှုများ လျော့နည်းသွားသည်ဟု ပြောသည်။

အထောက်အထားမဲ့ မြန်မာနိုင်ငံသား များထဲမှ မလေးလုပ်ငန်းရှင်များက အလုပ် ဆက်လက်ခန့်ထားလိုသည့် မြန်မာ အလုပ်သမားများကို မလေးရှားနိုင်ငံရှိ မြန်မာသံရုံး တွင် စင်တာဖွင့်၍ တရားဝင် အထောက်အထားများ ပြုလုပ်ပေး၍ အလုပ်ရှင်နှင့် အလုပ်သမား တိုက်ရိုက်တွေ့ဆုံပေးပြီး မလေးရှား လုပ်ငန်းရှင်ဘက်မှ တစ်ပြိုင်နက်တည်း အလုပ်ခန့် ထားနိုင်အောင် ဆောင်ရွက်ပေးမည့်ဖြစ်သည်ဟု မလေးပြည်ထဲရေးဝန်ကြီးနှင့် သဘောတူညီချက် ရရှိခဲ့သည်။

မလေးရှားတွင် အလုပ်မရှိဘဲ တရားမ ဝင်နေထိုင်သူများကို ဒဏ်ကြေးပေးဆောင် စရာမလိုဘဲ မြန်မာနိုင်ငံသို့ ပြန်လွှတ်ပေးမည့် အချက်အပါဝင် မလေးပြည်ထဲရေးဝန်ကြီးနှင့် သဘောတူညီချက်သုံးချက်ကို ရရှိ ခဲ့သည်။

"အလုပ်ရှင်က ခေါ်တာလဲ မဟုတ်တဲ့ တရားမဝင် မြန်မာအလုပ်သမားတွေကို ဒဏ်ကြေးတွေ ဆောင်စရာမလိုဘဲ တရားဝင် ပြန်ခေါ်မယ်၊အဓိကက မြန်မာနိုင်ငံသား ဖြစ်ဖို့လိုတယ်၊ ကြားထဲကဟိုနိုင်ငံ ဒီနိုင်ငံသား ကနေပြီးတော့
မြန်မာပါလို့ သွားပြောတဲ့ သူတွေရှိတယ်၊ မြန်မာနိုင်ငံသား စစ်စစ်ဖြစ်ဖို့ကို မလေး လဝကနဲ့ မြန်မာအစိုးရဘက်က စစ်ဆေးသွားမှာပါ။" ဟု ပြောသည်။

တရားဝင် အထောက်အထားများ ပြု လုပ်ပေးနေသည့် ကွာလာလမ်ပူသံရုံးသို့ မလာရောက်နိုင်သော ငါးဖမ်း စက်လှေများ၊ စက်ရုံ ၊အလုပ်ရုံများရှိ တရားမဝင်မြန်မာ အလုပ်သမားများကို မလေးရှားနှင့် မြန်မာ နှစ်နိုင်ငံ လူဝင်မှုကြီးကြပ်ရေး အဖွဲ့ဝင်များ ပါဝင်သည့် mobile team အဖွဲ့မှ အထောက်အထား လက်မှတ်များ ရရှိရန် သွားရောက်ဆောင်ရွက်ပေးသွားမည် ဖြစ်သည်။

မလေးရှားနိုင်ငံတွင် မြန်မာအလုပ်သမား နှစ်သိန်းခွဲကျော်ရှိပြီး တရားဝင်အထောက် အထားရှိသည့် မြန်မာအလုပ် သမား ၁၄,၀၀၀ ကျော်၊ တရားမဝင်အလုပ်သမား ၁၁၀,၀၀၀ နှင့် UNHCR လက်မှတ် ကိုင်ဆောင်ထားသူ မြန်မာ အလုပ်သမား ရှစ်ထောင်ခန့်ရှိ နေသည်။ (function(d, s, id) { var js, fjs = d.getElementsByTagName(s)[0]; if (d.getElementById(id)) return; js = d.createElement(s); js.id = id; js.src = "//connect.facebook.net/en_US/all.js#xfbml=1"; fjs.parentNode.insertBefore(js, fjs); }(document, 'script', 'facebook-jssdk'));

Post

by
Mizzima - News in Burmese
.